



# မယ်မင်းဘုံ

## ချစ်ရင်....နှစ်မိနှစ်တောင့်

L လင်း

ရောင်လင်းသည် ဆလိုက်တံခါးချပ်ကို ဆွဲဖွင့်ကာ ဆိုင်ထဲသို့ ခပ်သွက်သွက် ဝင်လိုက်ချိန်တွင် တစ်ပြိုင်တည်းဆိုသလိုပင် ဆိုင်အတွင်းထဲမှ လူနှစ်ယောက်ကလည်း ဆလိုက်တံခါးကိုဆွဲကာ ကသောကမျော ထွက်လာ၍ ရောင်လင်းနှင့် လူချင်းတိုက်မိသွားကြသည် ။ ရုတ်တရက်ဆိုတော့ ရှောင်ချိန်မရလိုက်ဘဲ ရောင်လင်းနှင့် တည့်တည့်ကြီးကို တိုက်မိသွားတာဖြစ်သည် ။

ရောင်လင်းနှင့် တိုက်မိသူ ဘယ်သူလဲဆိုတာကို တစ်ချက်အကြည့် ဝင်တိုက်မိတဲ့ သူကလည်း ရောင်လင်းကိုကြည့်ကာ လက်လေးတစ်ဖက်ကို မဝံ့မရဲကာပြရင်း .... ကြောင်း

"ဆောရီးနော်"

ဆောရီး ... ဆိုသည့်စကားကို ပြောပြီးပြီးချင်းမှာ ပင် ရောင်လင်းနှင့် တိုက်မိသူ ကောင်မလေးက ချက်ချင်းပင် ထွက်လို့ သွားတော့သည် ။ ဘာလဲဟူသော ပုံစံမျိုးဖြစ်သွားကာ ရောင်လင်းသည် ထိုကောင်မလေးကို လည်ပြန်တစ်ချက် ငေးကြည်လိုက်မိသည် ။

ကောင်မလေးသည် ဘယ်သူ့ကိုမှ အရေးမစိုက်သောဒီဇိုင်းဖြင့် လေး၊ ငါးတန်းအရွယ် ချာတိတ် တစ်ယောက်ကို ပခုံးဖက်ကာ မြောက်ကြွကြွဖြင့် သွားလေတော့သည် ။

အလန်းစား၊ အပျံစား၊ အမိုက်စား ကောင်မလေးတော်တော်များများကို မြင်ဖူးသူ ရောင်လင်းအဖို့ တော့ သည် ကောင်မလေးဟာလည်း ဒီဘ

က်ခေတ်ရဲ့ အသွင်အပြင်တွေ ဆင်ယင်ထားကာ လန်ထွက်နေသူလေး ဟု သတ်မှတ်လိုက်ပြီး internet ဆိုင်ထဲသို့ ဝင်လိုက်တော့သည် ။

ဒါပေမဲ့ ရောင်လင်းစိတ်ထဲမှာ တော့ ကောင်မလေးရဲ့ ဆောရီး လုပ်သွားသော ပုံစံလေးကို ငြိတိတိ ဖြစ်နေခဲ့သည် ။ သူမ ဆောရီး လုပ်သွားပုံလေးက လုံးဝကို so cute ပင်။ အဲသည့် ကောင်မလေး ဒီဆိုင်မှာ inter net လာသုံးတာပဲ ဖြစ်လောက်မည်။

ဖျတ်ခနဲ လက်လာသောအတွေးကြောင့် ရောင်လင်းသည် ဆိုင်ရှင်အစ်ကိုကြီးအား လှမ်းနှုတ်ဆက်လိုက်ကာ ....

" ကိုညီ .... ကျွန်တော်ကို ခုနက ထွက်သွားတဲ့ ကောင်မလေးထိုင်တဲ့ စက်မှာ လုပ်ပေးပါဗျာ၊ အဲဒီ မဒီလေးရဲ့ account လေးများ ရလိုရငြား ပေါ့"

"ဟုတ်ပါပြီကွာ၊ စက်နံပါတ် 7 မှာ သွားထိုင်"

"Thank you ကိုညီ"

ရောင်လင်းသည် မြူးကြွသောအထာဖြင့် ဟိုကောင်မလေးထိုင်သွားရာ စက်နံပါတ် 7 ဆီသို့ သွားလိုက်သည် ။ ဘာရယ်တော့မဟုတ်၊ သူ့စိတ်ထဲတွင် ကျေနပ်သွားမိသည် ။ ကံကောင်းခြင်းရဲ့ အဓိပ္ပာယ် Lucky 7 စက်မှာ ထိုင်ရတဲ့ အတွက်ကိုက သူ့အတွက် ရင်ဘတ်ထဲတွင် သံစဉ်တစ်ခု တော့ ညို့၍ ရခဲ့ပါသည် ။

သို့ပေမဲ့လည်း ကလေးမက Internet ကို အထာနပ်စွာသုံးသူ ပီသစွာ g-talk မှာ သူမရဲ့ username ကိုပါ backspace key နှင့်အပြတ်နှိပ်ပေးသွားခဲ့သည် ။ အဲသည် တော့လည်း ကိစ္စမရှိပါ။ ကြက်ဖနှင့် G tone တို့ရဲ့ show ပွဲသီချင်းကို ညည်းဆိုရင်း online ပေါ်က အလန်းဇယားလေး

တွေ နှင့် chatting play နေလိုက်ပါတော့သည် ။

Chatting ထိုင်နေရင်းကမှ သူ့ဆီကို ဖုန်းတစ်ကောဝင် လာလေသည် ။ ရောင်လင်းသည် ဘောင်းဘီအိတ်ကပ်ထဲမှ ဖုန်းကို ယူလိုက်ကာ ချက်ချင်းပင် ဖုန်းကိုင်လိုက်သည် ။

"အင်း … ခန့်ကျော် ပြော"

ခန့်ကျော်က မြရိပ်ညိုမှာ လုပ်မည့် show ပွဲအတွက် လိုက်မလားဆိုတာကို လှမ်းမေးနေသဖြင့် ရောင်လင်းသည် ပြုံးလိုက်ရင်းမှ ….

"မေးစရာလိုသေးလား သားကြီးရာ၊ ဒီပွဲက လုံးဝလက်မလွှတ်သင့်တဲ့ ပွဲပဲ လိုက်ရမှာ ပေါ့"

"အိုကေ … အိုကေ၊ မနက်ဖြန်မှ ဆုံမယ်"

ခန့်ကျော်နှင့် ဖုန်းပြောပြီးသည် နှင့် ချက်ချင်းဆိုသလိုပင် နောက်ထပ်ဖုန်းတစ်ကောက ထပ်ဝင်လို့ လာလေသည် ။ သည် ဖုန်းကတော့ ရောင်လင်းရဲ့ တစ်စုံတစ်ယောက်သောသူရဲ့ ဖုန်းပင် ဖြစ်သည် ။

"ဟိုင်း … ကူး၊ ဘာကိတ်"

"ရောင်လင်းကို တွေ့ချင်တယ်၊ ပြောစရာလည်း ရှိတယ်၊

အခု ကန်တော်ကြီးကို လာခဲ့ပါ"

"အင်း … ဆယ်မိနစ်အတွင်း အရောက်လာခဲ့မယ်"

ကူးကိုလာခဲ့မည်ဟု ကတိပေးပြီးသွားပြီးသဖြင့် ရောင်လင်းသည် chat room ထဲမှ အလန်း ဧယားအားလုံးတို့ ကို Bye Bye လုပ်ကာ Sign Out လုပ်ပြီး ထွက်လာခဲ့တော့သည် ။ ကျသင့်ငွေ ရှင်းသည့်အခါတွင် တော့ ကိုညီက လှမ်းမေးလေသည် ။

"ဘယ်လိုလဲ ရောင်လင်း၊ account ရလိုက်လား"

"မရပါဘူးဗျာ၊ ကံမကုန်ရင်တော့ ပြန်ဆုံမှာ ပေါ့ ကိုညီရာ၊ ကျွန်တော် လိမ့်လိုက်ဦးမယ်"

ကိုညီကို နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်လာခဲ့တော့သည် ။ နာရီပိုင်းလေးအတွင်းက ဆုံလိုက်ရသော ကလေးမလေးရဲ့ အကြည့်တစ်ချက်နှင့် ဆောရီးတစ်ခွန်းကြောင့် သူ့ရင်ထဲမှာ တစ်ခုခုတော့ ဖြစ်လို့ သွားလေသည် ။

နည်းပညာတွေ များ စွာတိုးတက်ပြောင်းလဲလာသည့် ခေတ်ကြီးထဲမှာ မပြောင်းလဲသည့် တက်ကနစ်တစ်ခုကတော့ ချောချောလေးတွေတွေ့မိရင် ခပ်ပါးပါးလှုပ်ခတ်သွားသည့် heart beat ပင် ဖြစ်တော့သည် ။

ရောင်လင်းသည် ကူးကို ထွက် လာပြီဆိုတဲ့ အကြောင်းကို Taxi ပေါ်ရောက်မှ ဘဲ message လှမ်းရိုက်လိုက်ရသည် ။ အင်း ... သူ ထင်တော့ထင်သည် ။ သည် တစ်ခါ ကူးနှင့် သူတွေ့ဖို့ ချိန်းတာဟာ သိပ်တော့ အကောင်းဘက်ပြမည်မထင်။ သူ့ဘက်က ကူးအပေါ် နည်းနည်းဖောင်းတာလေးတွေ များ သွားလို့ မရွှေကူးက နှာကစ်နေလောက်မည်။

ရောင်လင်းသည် ကူးရှိရာသို့ရောက်လာသောအခါ ကူးက သူ့ကို ခပ်ယဲ့ယဲ့ပြုံးပြလေသည် ။ သူကတော့ သူရဲ့ ထုံးစံအတိုင်း ကူးကို lollipop တစ်လုံး ထုတ်ပေးလိုက်ပြီး ...

" ကိုယ် အချိန်ကွက်တိ ရောက်တယ်နော် ကူး... ဟဲ ဟဲ၊

ဘာပြောမလို့ လဲ၊ ပြောတာပြော ကူး"

ကူးက သူ့ရဲ့ lollipop ကိုမယူဘဲ သူ့ကို ခပ်တည်တည် စူးစိုက်ကြည့်

ကာစကားဆိုလေသည် ။

"ကူးတို့ ဇာတ်လမ်းကို ဒီနေရာမှာ တင် အဆုံးသတ်ကြရအောင် ရောင်လင်း"

အင်း ... ထင်ထားတာနှင့် သိပ်တော့မလွဲပါ။ ကူးက ဖြတ်ဖို့ ပြောပြီဆိုမှ တော့ သူကလည်း အထွန့်တက်ကာ ဒူးထောက်တောင်းပန် ရှင်းပြမနေတော့ပါ။ သို့ပေမဲ့လည်း လူမြင်ကောင်းအောင် ညှိုးငယ်အောင် မျက်နှာလေးကို ဖန်တီးလိုက်ပြီး ...

"အင်းလေ ... ကိုယ်တို့ တွေ သူငယ်ချင်းလိုပဲ ခင်မင်ကြတာပေါ့ ကူး ရယ်၊ အကူအညီလိုရင် လည်း ပြောပါ၊ ဘော်ဒါစိတ်အပြည့်အဝနဲ့ ကို ကူညီပါမယ်"

"ဟုတ်ပါပြီ၊ ဒါဆို ကူး သွားတော့မယ်နော်၊ ကူးတို့ သူငယ်ချင်းလိုပဲ ခင်သွားတာပေါ့"

ကူး ထွက်သွားသည် အထိ သူ့ရဲ့ မျက်နှာလေးကို ညှိုးငယ်စွာ နေလိုက်သည် ။ ကူးက သူ့ရဲ့ မြင်ကွင်းထဲမှ လုံးဝပျောက်ကွယ်သွားကာမှ သူသည် ပြုံးရွှင်သော နဂိုမျက်နှာကို ပြန်ထားလိုက်ပြီး ဖုန်းလှမ်းခေါ်လိုက်သည် ။

"မိုးထက်ရေ ... အေး၊ မင်းတို့ Game City လာခဲ့ကြ"

"............."

"ဟား ဟား .... ဟုတ်တာပေါ့ကွာ၊ ထုံးစံအတိုင်း ရိုလာကိုစတာ သွားစီးမှာ ပေါ့"

"အိုကေ ... ငါ စောင့်နေမယ်"

မိုးထက်နှင့်အတူ သူ့ရဲ့ အချစ်ဆုံးသူငယ်ချင်းတွေဖြစ်သည့် ခန့်ကျော်နှင့် ဇေယျာပါ Game City ကိုလာကြတော့ပေမယ်။ ဒါဟာ သူတို့ သူငယ်ချင်းတွေ လုပ်နေကြအထာပင်ဖြစ်သည် ။ ရည်းစားနှင့်ပြတ်သွားလျှင် ရှိလာကိုစတာစီးကာ စိတ်တွေကို relax လုပ်ပစ်လိုက်သည် ။

ရောင်လင်းတို့ အတွက်ကတော့ ရည်းစားနှင့်ပြတ်ရင် အရင်ခေတ်က အမျိုးသားတို့လို အသည်းကွဲသည့်အတွက် အသည်းကို အရက်နှင့် စိမ်မနေတော့ပါ။ ဘုရားမကြိုက်၊ မိဘမကြိုက်၊ ရည်းစားမကြိုက်သည့်သည် အရက်ကိုရှောင်ကာ အသည်းကွဲလည်း ပျော်ပျော်ကြီးပင် နေပစ်လိုက်တော့သည် ။

မင်းနဲ့ ပြတ်ရင် အသည်းကွဲမယ်၊ နောက်တစ်ယောက်မရခင်ထိဆိုသော သီချင်းစာသားလိုပင် ကူးနဲ့ ပြတ်သွားသည့်အတွက် သူ့အသည်းတွေ ကွဲအက်သွားသည် ။ နောက်တစ်ယောက်မရခင်အထိပေါ့။

******